# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၄)

# နအဖရဲ့ တရားမဝင်တဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံရေးတဝက် ဥပဒေတဝက် ရောစွက်ထားတဲ့ စါတမ်းဖြစ်ကြောင်း ယခင်အပတ်တွေက တင်ပြခဲ့ပြီးပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဘို့ နအဖ ကျင်းပခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ နိုင်ငံရေးပါ။ အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံပေါ် အခြေခံပြီး ၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာလည်း နိုင်ငံရေးပါဘဲ။ ဒီ နိုင်ငံရေး လုပ်ငန်းစဉ်တွေ အားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဏ္ဍိုင်ပြုပြီး ပေါ်ပေါက်လာကြတာပါ။ သည် နအဖ အတည်ပြုလိုက်တဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အာဏာရှင်တွေ ရှေ့ဆက်သွားမယ့် နိုင်ငံရေး လုပ်ငန်းစဉ်တွေကို ကျားကန်ပေးနေဦးမှာပါဘဲ။

မြန်မာနိုင်ငံမှာ မဆလ ပါတီအာဏာရှိခဲ့စဉ်တုံးက ၁၉၈၀ ခုနှစ်များ တဝိုက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကချင်ပြည်လွတ်မြောက်ရေး အဖွဲ့အစရှိတာတွေက မဆလ အစိုးရနဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဘို့ ကြိုးစားတာတွေ တစုံတရာ ရှိခဲ့ဘူးပါတယ်။ အဲဒီတုံးက ဦးနေဝင်းအသေကိုင်ထားခဲ့တာက ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ညှိုးထိုးအကြောင်းပြပြီး နိုင်ငံရေးအရ ဘာတခုမှ အလျှော့အတင်းလုပ်ခွင့် မပြုခဲ့ပါဘူး။ အခုလည်းဘဲ နာဂစ်မုန်တိုင်းကြီး ဘယ်လောက်တိုက်လို့ ပြည်သူလူထုတွေ ဘယ်၍ဘယ်မျှ သေဆုံးတာကို ဂရုမပြုဘဲ၊ နအဖ က သူတို့ပြင်ဆင်ရေးဆွဲထားတဲ့၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တန်ဘိုးကြီးကြီးထားပြီး ဇွတ်အတင်း အတည်ပြုခဲ့တာ အားလုံးအသိပါ။ ဒါကြောင့် ဗေဒင် မေးစရာမလိုဘဲ သေချာနေတဲ့အချက်ကတော့ နိုင်ငံရေးအပြောင်းအလဲဖြစ်စေနိုင်ရေးအတွက် ပြည်တွင်းကဖြစ်စေ၊ နိုင်ငံတကာကဖြစ်စေ၊ ဆွဲဆောင်စည်းရုံးတာ၊ ဖိအားပေးလာတာတွေ မှန်သမျှကို သူတို့ရဲ့ နာဂစ်ဖွဲ့စည်းပုံကို လက်ညှိုးထိုးပြပြီး ခုခံညှင်းဆန်တော့မယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် တိုက်ပွဲဝင်နေကြတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေရော၊ လူထုအနေနဲ့ပါ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခပ်ပေါ့ပေါ့ လျှော့မတွက်သင့်ဘူးလို့ အကြံပေးလိုပါတယ်။ ဒီ ဖွဲ့စည်းပုံနဲ့ ပတ်သက်တာမှန်သမျှကို ရှင်းရှင်း ပြတ်ပြတ်ကိုင်တွယ်ဘို့လည်း မုချ လိုပါလိမ့်မယ်။

နိုင်ငံတကာရော ပြည်တွင်းလူထု အတော်များများကပါ ကန့်ကွက်ထောက်ပြနေတဲ့အကြားက နအဖက တချက်ကလေးမှ ဂရုထားဘော်မရဘဲ သူ့ဖွဲ့စည်းပုံကို သူ့ဟာသူ ရဲရဲတင်းတင်း အတည်ပြုလိုက်ပြီးတဲ့ နောက်မှာ တိုင်းပြည်နဲ့ လူထုအတွင်းမှာ တိမ်းစောင်းမှု နှစ်ရပ်နဲ့ လမ်းကြောင်း နှစ်သွယ် ပေါ်လာနိုင်ပါတယ်။

ပထမ တိမ်းစောင်းမှုကတော့ ဥပဒေရေးရာလှုပ်ရှားမှုတွေကို ကြောခိုင်းလိုက်ကြတော့မယ့် လမ်းကြောင်းပါ။ ဖွဲ့စည်းပုံကိစ္စတွေအပါအဝင် ဥပဒေရေးရာလှုပ်ရှားမှုတွေကို လုပ်နေလို့ ဘာမှအကျိုးမရှိတော့ဘူး၊ ဥပဒေ ဆိုတာတွေဟာတိုင်းပြည်ရဲ့နိုင်ငံရေး အာဏာရထားသူတွေ လုပ်ခြင်ရာလုပ်ကြ၊ လုပ်ခြင်သလို လုပ်ကြတဲ့ ကိစ္စတွေဖြစ်တယ်၊ ဥပဒေက နိုင်ငံရေး အာဏာရဲ့လွှမ်းမိုးမှုအောက်မှာ တည်ရှိ၊ လည်ပတ်၊ ကျင့်သုံးရတာဘဲ၊ နအဖဆီက နိုင်ငံရေး အာဏာရဘို့ကိုသာ အဓိကထားရမှာဘဲ၊ ဒါကြောင့် ဥပဒေကိစ္စတွေကို ဘေးဖယ်ထားပြီး ဖြစ်တဲ့နည်းနဲ့ နအဖကို အပြုတ်တိုက်ဘို့ လုပ်ကြရအောင်ဆိုတဲ့ လမ်းကြောင်းပါ။ အကျိုးဆက်အနေနဲ့ ဒီမိုကရေစီနဲ့ လူ့ခွင့်အရေးအတွက် လှုပ်ရှားတိုက်ပွဲဝင်နေတဲ့ကာလအတွင်းမှာဘဲ ဥပဒေစိုးမိုးရေးအခြေခံတွေကို စနစ်တကျတည်ဆောက်ရမယ့်အစား မင်းမဲ့ဝါဒဆန်ဆန်ကျင့်သုံးမှုတွေ၊ တော်လှန်ရေး အမည်ခံပြီး ထင်သလိုရမ်းကားမှုတွေ ပေါ်ပေါက်လာနိုင်တယ်။ ဒီအခါမှာ တိုင်းပြည်တည်ငြိမ်မှုအတွက် နိုင်ငံရေးအာဏာကို ဆက်လက်ထိမ်းသိမ်းရမှာဖြစ်တယ်ရယ်လို့ စစ်အာဏာရှင်တွေက ဆက်လက်အကြောင်းပြခွင့် ရသွားလိမ့်မယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေသူတွေကို မင်းမဲ့တွေ အဖြစ်သမုတ်ပြီး ရက်စက်တဲ့ ဖိနှိပ်မှုတွေကို ပိုပြီးကျူးလွန် လာနိုင်ဘွယ်ရှိတယ်။
ဒါကြောင့် ပထမ တိမ်းစောင်းမှုမဖြစ်စေဘို့အတွက် စဉ်းစားသုံးသပ်ချက်တွေ တည့်မတ်ဘို့လိုမှာပါ။

ဥပဒေရေးရာလှုပ်ရှားမှုတွေကို လုံးဝမျက်ကွယ်ပြုထားလိုက်မယ်ဆိုရင် မျက်မှောက်မှာရော အနာဂါတ်မှာပါ လူ့အဖွဲ့အစည်းအတွက် အကျိုးယုတ်စေမှာ မုချပါဘဲ။ စစ်မှန်တဲ့ ဥပဒေစိုးမိုးမှုအခြေခံတွေကို လေ့လာပျံ့ပွား

အောင်လုပ်တဲ့ လုပ်ငန်းတွေဟာ မတရားမှု ကျူးလွန်သူတွေနဲ့ ပတ်သက်လို့ တာဝန်ရှိမှုကို ဖေါ်ထုတ်ခွင့်ရလာစေနိုင်ပါတယ်။ ပြီးတော့ မတရားတဲ့ ဥပဒေတွေကိုလူထုအနေနဲ့ ပိုပြီးသဘောပေါက်လာအောင်၊ မတရားတဲ့ ဥပဒေတွေ ဖျက်သိမ်းရေးတိုက်ပွဲတွေမှာ လူထုအနေနဲ့ ထဲထဲ ဝင်ဝင် ပါလာအောင်၊ တရားမျှတတဲ့ ဥပဒေတွေပေါ်ပေါက်လာရေး လုပ်ငန်းတွေအတွက် ကြီးမားတဲ့ အထောက်အပံ့တွေရအောင် လုပ်နိုင်မှာဖြစ်ပါတယ်။

မတရားမှုကို ဆန့်ကျင်၊ တရားမျှတမှုကို မြတ်နိုးတဲ့ စိတ်ဓါတ်တွေကို မြှင့်တင်ပေးရင်းနဲ့ လူထုကိုယ်တိုင် ဥပဒေစိုးမိုးမှုလုပ်ငန်းစဉ်တွေကို တက်တက်ကြွကြွ ဖေါ်ဆောင်လာတဲ့အခါကျမှသာ လူထုလှုပ်ရှားမှုတွေ ပိုပြီး စနစ်ကျလာမှာဖြစ်ပါတယ်။ ဒါမှသာ တိုင်းပြည်တည်ငြိမ်မှုကိုဖျက်ဆီးတဲ့ ဗရမ်းဗတာလူအုပ်ရယ်လို့ အာဏာရှင်တွေ ကလက်ညှိုးထိုးနိုင်ကြမှာ မဟုတ်တော့ဘူး။ ဒီလိုဖြစ်စေဘို့ အတွက် လှုပ်ရှားမှုတွေ လုပ်ဆောင်ရင်းမှာဘဲ ဥပဒေစိုးမိုးမှုအခြေခံတွေကို လေ့လာဘို့ လိုအပ်လာပါတယ်။ ဥပဒေစိုးမိုးမှုကို အုတ်မြစ်ချတဲ့နည်းလမ်းတွေနဲ့သာ စစ်မှန်တဲ့ ပြည်ထောင်စုကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ဥပဒေစိုးမိုးမှုအခြေခံတွေကို အားကောင်းအောင်လုပ်ပြီးတော့မှသာ ပါတီအဖွဲ့အစည်းတွေနဲ့ တပ်ပေါင်းစုတွေရဲ့စုစည်းမှုတွေကို အဆင့်မြှင့်ကြရမှာဖြစ်ပါတယ်။

ဒီ အခြေခံတွေကနေ ဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ပင်မကြောရိုးပြုလှုပ်ရှားဖို့ ကြိုးစားတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဗဟိုပြုရမယ့် အချက်တခု ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဏ္ဍိုင်မပြုဘဲ ဥပဒေစိုးမိုးမှုကို လက်တွေ့ဖေါ်ဆောင်ဘို့ဆိုတာ မဖြစ်နိုင်လောက်အောင်ကို ခဲယဉ်းလှပါတယ်။

ဒုတိယ တိမ်းစောင်းမှုကတော့ နအဖ အတည်ပြုလိုက်တဲ့ ၂၀၀၈ ခုနှစ်နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မြှောက်အရှုံးပေးလိုက်တဲ့ လမ်းကြောင်းပါ။

ဖွဲ့စည်းပုံကို နအဖက အတင်းအကြပ်အတည်ပြုလိုက်ပြီ။ ငါတို့ဘာမှ မတတ်နိုင်တော့ဘူး။ ပေါ်ပေါ် ထင်ထင် ကြေငြာစရာတော့ မလိုဘူး။ ဒါပေမယ့် ဖွဲ့စည်းပုံကို လက်ခံ၊ ရွေးကောက်ပွဲဝင်၊ ရသမျှ နေရာကလေးတွေယူပြီး လှုပ်ရှားသွားနိုင်ဘို့ပြင်ကြရအောင်ဆိုတဲ့ လမ်းကြောင်းဖြစ်ပါတယ်။ ငါတို့ ပါတီ အဖွဲ့အစည်းကို ဖျက်သိမ်းခံလို့ မဖြစ်ဘူး ဆိုတာ အပါအဝင်၊ အကြောင်းအမျိုးမျိုးပြပြီး သည်လမ်းကြောင်းကို ရွေးမယ့် ပုဂ္ဂိုလ်တွေ ပါတီ အဖွဲ့အစည်းတွေ အမြောက်အများရှိလာနိုင်တယ်။ ဒီ လမ်းကြောင်းဟာ လူထုအတွက်ပိုပြီး အန္တရယ်ရှိရုံသာမက စစ်အာဏာရှင်တွေရဲ့ အုပ်ချုပ်မှုအောက်ထဲတိုင်းပြည်ကို တရားဝင်ရောက်ရှိသွားအောင် ရာသက်ပန် တွန်းပို့လိုက်တဲ့လမ်းကြောင်းဘဲ လို့သာ တင်ပြလိုပါတယ်။

ဒုတိယ တိမ်းစောင်းမှု မဖြစ်စေဘို့ကတော့ နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသေအချာ လေ့လာဘို့လိုပါလိမ့်မယ်။ များများလေ့လာလေ၊ များများ အမြင်ရှင်းလေ ဖြစ်လာမှာပါ။

ဒါဖြင့်ရင် ဒီ တိမ်းစောင်းမှု နှစ်ရပ်စလုံးကို ဖြစ်စေမယ့် လမ်းကြောင်းတွေကို မရွေးချယ်ဘဲ နအဖ ရဲ့၂၀၀၈ ခုနှစ် နာခစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို တဘက်ကဆန့်ကျင်တိုက်ဖျက်၊ အခြားတဘက်ကလည်း စစ်မှန်တဲ့ဥပဒေစိုးမိုးရေးအခြေခံတွေကို ချမှတ်သွားခွင့်ရမယ့် လုပ်ငန်းစဉ်တွေကို စဉ်းစားဘို့လိုအပ်လာပါတယ်။ ပထမဆုံး လုပ်ငန်းစဉ် ကတော့ နအဖရဲ့ ၂၀၀၈ ခုနှစ် နာခစ်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့တရားဝင်မှုကို အဆက်မပြတ်စိမ်ခေါ်နေဘို့ပါဘဲ။ နအဖက သူ့ရဲ့နာခစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက အတည်ပြုလိုက်တယ်လို့ ကြေငြာရုံနဲ့တရားဝင်ဖြစ်သွားပြီလို့မပြောနိုင်ဘူး။ လူထုအများစုကြီးက အမှန်တကယ် လက်မခံတဲ့ ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေမှ တရားမဝင်ဘူး။ ဒါကြောင့် လူထုအများစုကြီးက လက်မခံနိုင်ဘူး ဆိုတာကို နည်းလမ်းပေါင်းစုံနဲ့ ဆက်လက်ပြီး သက်သေပြနေဘို့လိုမှာပါ။ ပြီးတော့ နာခစ်ဖွဲ့စည်းပုံပေါ်ပေါက်လာရေး အတွက် ၁၉၉၃ ခုနှစ်ကစလို့ နအဖက လက်ဝါးကြီးအုပ်ပြီး ချမှတ်ဖေါ်ဆောင်ခဲ့တဲ့ လုပ်ငန်းစဉ်တရပ်လုံးကို ပြန်လည်သုံးသပ်ဖေါ်ထုတ်ပြီး ကန့်ကွက် နေဘို့လည်း လိုပါလိမ့်မယ်။ ၁၉၉၀ မေလ ရွေးကောက်ပွဲရလာဒ်ကို တနည်းနည်းနဲ့ အတည်ပြုရေး မလုပ်ဆောင်သမျှ ကာလပတ်လုံး နောက်ထပ်ကျင်းပမယ့် ဘယ်ရွေးကောက်ပွဲမှ တရားမဝင်နိုင်ဘူးဆိုတာကို စိုက်လိုက်မတ်တတ် တင်ပြနေဘို့လည်း မြေကြီးလက်ခတ်မလွဲ လိုအပ်မှာ ဖြစ်ပါတယ်။

အင်္ဂလိပ်ဘာသာနဲ့ Repetition မြန်မာလို ထပ်ခါတလဲလဲ တင်ပြခြင်းဆိုတာ လောကမှာ လွန်စွာအရေးကြီးလှပါတယ်။ ထပ်ခါတလဲလဲ တင်ပြနိုင်မယ်ဆိုရင် ကြာလာရင် အမှားသက်သက်ကိုတောင်မှ အမှန်ထင်လာတတ်တယ်လို့ အာဏာရှင် ဟစ်တလာက သုံးသပ်တင်ပြခဲ့ဘူးပါတယ်။ နအဖ ကလည်း သူ့ရဲ့ကြွေးကြော်သံဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေးဆိုတဲ့

အချက်သုံးရပ်ကို ထပ်ခါတလဲလဲ တင်ပြနေတာကို သတိထားကြည့်ဘို့လိုပါလိမ့်မယ်။ တကယ်တော့ ဒီ သုံးရပ်စလုံးဟာ မမှန်ပါဘူး။ ဒါပေမယ့် နအဖ က ထပ်ခါတလဲလဲ တင်ပြလာတဲ့ အခါမှာ ကြာလာတော့ အသိပညာနဲ့ ပြည့်စုံတဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးတွေ သည်ပင်လျှင် အမှန်ရယ်လို့ ထင်လာကြပါတယ်။

နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေ တရားမဝင်ဘူးဆိုတဲ့ အချက်ဟာ သွေးထွက်အောင်မှန်လှပါတယ်။ ဒါပေမယ့် အဲဒီ တရားမဝင်ဘူး ဆိုတဲ့အချက်ကို သာမန်ကာ ရှန်ကာလောက်ဘဲ ပြောပြီး ရပ်ထားလိုက်မယ်ဆိုရင်တော့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကြာသွားရင် တရားဝင်ဖြစ်သွားနိုင်ပါတယ်။ ဆိုလိုတာကတော့ မှန်ရုံနဲ့ လုံးဝ မလုံလောက်သေးပါဘူး။ မှန်တဲ့ အချက်ကိုဘဲ ရေရှည် ထပ်ခါတလဲလဲ တင်ပြနေရမှာဖြစ်ပါတယ်။ အဲဒီ ဖွဲ့စည်းပုံကြီး ကို သမိုင်းအမှိုက် ခြင်းထဲကို ဆုတ်ဖြဲပြီး လွှင့်မပစ်နိုင်မခြင်း တင်ပြနေရမှာဖြစ်ပါတယ်။ စကြာဝဠာ အဆုံးအထိကြားနိုင်အောင် အော်ဟစ်တင်ပြနေရမှာလည်း ဖြစ်ပါတယ်။ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားဝင်မဖြစ်စေရေး ကိုပြည်သူလူထုရဲ့ အသက်နဲ့ဘဝလို သဘောထားပြီး ဇွဲကြီးကြီးနဲ့ တင်ပြနေဘို့ လိုပါတယ်။

ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနဲ့ တရားမျှတမှုကို လိုလားမြတ်နိုးတဲ့ ပြည်သူလူထုတွေ၊ ပါတီ အဖွဲ့အစည်းတွေ အနေနဲ့ နည်းလမ်းပေါင်းစုံသုံးပြီး၊ ကျယ်လောင် ထိရောက်စွာနဲ့ ထပ်ခါ တလဲလဲ တင်ပြမယ်ဆိုရင် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် နိုင်ငံတကာနဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ အသိအမှတ် ပြုမှုရရှိဘို့ဝေးမှာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။